# ပို့ကုန်/သွင်းကုန်လိုင်စင်ဆိုင်ရာစစ်ဆေးစိစစ်ခြင်းလုပ်ထုံးလုပ်နည်း (အသစ်)အတွက် ညှိနှိုင်းအစည်းအဝေးဆွေးနွေးချက်အကျဉ်းချုပ်

၁။ (၁၃-၅-၂၀၁၉) ရက်နေ့ ၊ နံနက်(၁၀:၃၀)နာရီ မှ ညနေ (၀၄:၀၀)နာရီထိ အစည်းအဝေးခန်းမ(၁)၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော်၌ “သွင်းကုန်/ပို့ကုန်ဆိုင်ရာစစ်ဆေးစိစစ်ခြင်းလုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး”ကို ကျင်းပပြုလုပ်ခဲ့ပြီး တင်ပြဆွေးနွေးချက်များ အကျဉ်းချုပ်ကို အောက်ပါအတိုင်း စုစည်းတင်ပြအပ်ပါသည်။

၂။ အဖွင့်အမှာစကားကို ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ်(ရုံးချုပ်) ဒေါက်တာထင်လင်းမှပြောကြားပါသည်။ သွင်းကုန်/ ပို့ကုန်ဆိုင်ရာစစ်ဆေးစိစစ်ခြင်းလုပ်ထုံးလုပ်နည်း အသစ်ရေးဆွဲရသည့်အကြောင်းအရင်း၊ အခြေခံသည့်မူဝါဒ၊ မျှော်မှန်းချက်များ၊ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းချက်နှင့်အကြံပြုဆွေးနွေးလိုသည်များအတွက် ဖိတ်ခေါ်ချက်များဖြင့်အဖွင့်အမှာစကား ပြောကြားပါသည်။

၃။ ဆက်လက်ပြီး ညွှန်ကြားရေးမှူး(အစားအသောက်)၊ ဒေါက်တာဥမ္မာစိုးဝင်းမှ လုပ်ထုံးလုပ်နည်းအသစ်အပေါ် ကဏ္ဍအလိုက်ရှင်းလင်းတင်ပြပြီး အဓိကဖြေလျှော့သည့် ကဏ္ဍများနှင့်ညှိနှိုင်းရမည့်ကိစ္စရပ်များကို အထူးပြုတင်ပြပါသည်။

| စဉ် | တင်ပြဆွေးနွေးသည့်ဌာန/အဖွဲ့အစည်း | ဆွေးနွေးသည့်အကြောင်းအရာ | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ရှင်းလင်းချက်/ဆွေးနွေးချက် |
|---|---|---|---|
| ၁ | အကောက်ခွန်ဦးစီးဌာန | (က) အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးမှ ဆွေးနွေးရာတွင် သွင်းကုန်/ပို့ကုန်ခေါင်းစဉ်သည် ကုန်စည်အားလုံးကို ရည်ညွှန်းရာရောက်သဖြင့် အခြားလုပ်ထုံးလုပ်နည်းများဖြင့် ရောထွေးနိုင်၍ စားသောက်ကုန်အတွက် ပိုမိုတိကျသောခေါင်းစဉ်ဖြင့် ဖော်ပြအစားထိုးသင့်ကြောင်း၊ | - အကြံပြုချက်အပေါ်လက်ခံပါကြောင်းနှင့် ပြန်လည်ပြင်ဆင်မည်ဖြစ်ကြောင်း |

| | | | |
|---|---|---|---|
| | | (ခ) သွင်းကုန်လိုင်စင်ဖြေလျှော့ချက်တွင် နမူနာတင်ပြရခြင်းကို ကင်းလွတ်ခွင့်ပြုသဖြင့် များစွာကောင်းမွန်ပြီး ၎င်းတို့ အကောက်ခွန်ဦးစီးဌာနအနေဖြင့်လည်း လုပ်ငန်းများဘက်မှ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည့် နမူနာတင်သွင်းခွင့်လျှောက်ထားခြင်းများအတွက် အခက်အခဲများ ပြေလည်မည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် စီးပွားဖြစ်တင်သွင်းခြင်းမဟုတ်သည့်ကုန်စည်များအတွက် အမေရိကန်ဒေါ်လာ ၅၀ အောက် သတ်မှတ်ထား၍ ယင်းပမာဏထက် ကျော်လွန်သည့် ကိစ္စရပ်များကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံစာ ထပ်မံတောင်းခံနေရမှုများရှိနေခြင်းဖြစ်၍ ယခု ဖြေလျှော့မှုအတွက် ဝမ်းမြောက်ကြောင်း၊ | - ထောက်ခံဆွေးနွေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း |
| | | (ဂ) အမှတ်တံဆိပ်တူ၊ ကုန်ပစ္စည်းတူထုပ်ပိုးပုံကွဲပြားမှုအတွက် ကွဲပြားပုံစုံစည်း၍ တစ်ပေါင်းတည်း ခွင့်ပြုပေးမည့် အစီအစဉ်မှာလည်း များစွာသင့်လျော်ကြောင်း၊ ယင်းတို့မှာ သွင်းကုန်လိုင်စင်ထောက်ခံချက်တွင်ပါဝင်သည့် စားသောက်ကုန်အချက်အလက်အသေးစိတ်အတိုင်းသာ ဆောင်ရွက်ရသဖြင့် ထုပ်ပိုးပုံကွဲပြားမှုအပေါ် လိုအပ်ချက်အရ ဆက်လက် | - ထောက်ခံဆွေးနွေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း |

| | | | |
|---|---|---|---|
| | | ဆောင်ရွက်ရန်ခက်ခဲသဖြင့် ယခုဖြေလျှော့မှုအတွက် ကြိုဆိုကြောင်း၊ | |
| | | (ဃ) သွင်းကုန်လိုင်စင်ထောက်ခံချက်ဟူသော အသုံးအနှုန်း အခေါ်အဝေါ်အပေါ် တိကျသောဖွင့်ဆိုချက်ရှင်းလင်းစေလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော သွင်းကုန်လိုင်စင်ထောက်ခံချက်သည် ကုန်သွယ်လိုင်စင်လျှောက်ထားရန်အတွက်သာ လိုအပ်ချက်(သို့မဟုတ်) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်ချက်ကွဲပြားစေလိုကြောင်း၊ လိုင်စင် မလိုသည့် ကုန်ပစ္စည်းများရှိသဖြင့် နားလည်မှုရှုပ်ထွေးနိုင်သဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်ချက်ဖြစ်ပါက လိုင်စင်ဟူသောအသုံးအနှုန်းအတွက် ပြန်လည်စဉ်းစားသင့်ကြောင်း၊ | - သွင်းကုန်ထောက်ခံချက်ဟူသော အခေါ်အဝေါ်ဖြင့်ပြောင်းလဲသုံးစွဲရန် အဆိုပြုတင်ပြမည်ဖြစ်ကြောင်း၊ |
| | | (င) ဆေးဝါးနှင့်အလှကုန်များကဲ့သို့ တစ်ဦးတည်းကိုယ်စားလှယ်ကိုသာ ခွင့်ပြုခြင်းကို အားမပေးစေလိုကြောင်း၊ ဈေးကွက်လက်ဝါးကြီးအုပ်သည့်စနစ်မဖြစ်စေလို၍ဖြစ်ကြောင်း၊ | - စားသောက်ကုန်တင်သွင်းခြင်းအတွက် တစ်ဦးတည်းကိုယ်စားလှယ်ကိုသာ ခွင့်ပြုခြင်းအတွက် ရည်ရွယ်ခြင်းမဟုတ်ပါကြောင်း၊ Multiple importerအတွက် လက်ခံစိစစ်မည်ဖြစ်ကြောင်း၊ |

| | | | |
|---|---|---|---|
| | | | သီးခြားအခြေအနေဖြင့် ထုတ်လုပ်သူမှ တစ်ဦးတည်းကိုယ်စားလှယ်ထားရှိသည့်ကိစ္စရပ်ကိုသာ ရည်ရွယ်ပါကြောင်း ရှင်းလင်းပါသည်။ |
| | | (စ) လျှောက်ထားမှုပုံစံ (Form Format) ကို font/ font size များ တိကျစွာသတ်မှတ်ထားသင့်ကြောင်း၊ | - SOP တွင်ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြပါမည်။ |
| | | (ဆ) မူလသွင်းကုန်လိုင်စင်ထောက်ခံချက်ကုန်ဆုံးပြီး သက်တမ်းတိုးမရရှိမီ ကုန်ပစ္စည်းတင်သွင်းမှုအပေါ် အကောက်ခွန်မှ ဒဏ်ရိုက်၍ ဆောင်ရွက်နေကြောင်း၊ စားသောက်ကုန်များအတွက်လည်း ခွင့်ပြုချက်မရရှိမီပစ္စည်းရောက်ရှိပါက ဒဏ်ရိုက်ဆောင်ရွက်ခြင်းပြုလုပ်မည်ဆိုပါကအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သဘောထားသိရှိလိုကြောင်း၊ | - အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းအပေါ် ကန့်ကွက်ရန်မရှိပါကြောင်း၊ လိုက်နာခြင်းမရှိသည့်လုပ်ငန်းများနှင့်ပတ်သက်၍ ပျက်ကွက်သည့်ကိစ္စရပ်များအား ပုံမှန်သတင်းပေးခြင်းများ ဆောင်ရွက်ပေးရန်ညှိနှိုင်းပါသည်။ |
| | | (ဇ) အကောက်ခွန်အနေဖြင့် နမူနာထုတ်ယူခွင့်ကို ခွင့်ပြုပေးနိုင်သော်လည်း နမူနာပေးပို့ခြင်းကိစ္စရပ်ကို တာဝန်ယူဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း၊ | - အသေးစိတ်ကို သီးခြားဆွေးနွေးညှိနှိုင်းရန် လိုအပ်ပါသည်။ |
| | | (ဈ) ပို့ကုန်အများစုကို အကောက်ခွန်မှ စစ်ဆေးမှုများများစွာဖြေလျှော့ထားကြောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ပို့ကုန်လိုအပ်ချက်တွင် Bill of Lading/ Export Declaration ထည့်သွင်းထားသည့်အတွက် သဘော | - အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ပို့ကုန်အထောက်အထားလိုအပ်ချက်အတွက် ပြန်လည်သုံးသပ်မည်ဖြစ်ပါသည်။ |

| | | | |
|---|---|---|---|
| | | ထွက်မှ ရရှိနိုင်မည်ဖြစ်၍ တဖက်နိုင်ငံသို့ သင်္ဘောရောက်ရှိချိန်တွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အလုပ်လုပ်ရက်(၂၁)ရက်ကြာမြင့်ပါကအခက်အခဲရှိပါကြောင်း၊ (ည) လုပ်ငန်းသုံးကုန်ကြမ်းများအတွက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ သွင်းကုန်လိုင်စင်ထောက်ခံချက် လို/မလိုသိရှိလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် အချို့မှာ ကုန်ချောအဆင့်ဖြစ်ပြီး ပြည်တွင်း၌ ပြန်လည်ထုပ်ပိုးရောင်းချနိုင်ကြောင်း ဆွေးနွေးတင်ပြပါသည်။ | – စနစ်သစ်အရ မည်သည့်စားသောက်ကုန်မဆို (ကုန်ကြမ်း၊ အစားအသောက်ထပ်ဖြည့်ပစ္စည်း အပါအဝင်) သွင်းကုန်လိုင်စင်ထောက်ခံချက် လျှောက်ထားရမည်ဖြစ်ပါသည်။ |
| ၂ | မြန်မာ့အထူးစီးပွားရေးဇုန်(SEZ) | SEZ မှ ဆွေးနွေးရာတွင် မြန်မာ့အထူးစီးပွားရေးဇုန်၌ Free Zone ၊ Promotion Zone နှင့် Supporting Zone ဟူ၍ ခွဲခြားသတ်မှတ်ထားကြောင်း၊ Free Zone မှအပ ကျန်ဇုန်များမှာ အထူးစီးပွားရေးဇုန်ဥပဒေအရ ပြည်တွင်းအကောက်ခွန်ဧရိယာအတွင်း အကျုံးဝင်ကြောင်း၊ Free Zone ပါ လုပ်ငန်းအများစုမှာ ပို့ကုန်သာများပြီး ပြည်တွင်းဈေးကွက်တင်သွင်းသည့်လုပ်ငန်းမရှိသေးကြောင်း ရှင်းလင်းတင်ပြပါသည်။ | – Promotion Zone နှင့် Supporting Zone တို့သည် Custom Area အတွင်းရှိပါက သတ်မှတ်လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း SOP တွင် ဖြည့်စွက်ဖော်ပြမည်ဖြစ်ပါသည်။ |

| | | | |
|---|---|---|---|
| ၃ | MITS | MITS အနေဖြင့် အပ်နှံလုပ်ငန်းများအတွက် စားသောက်ကုန် (၁)မယ်လျှင် ၁၂၀၀ဝိ/- ကျပ် ဝန်ဆောင်ခရယူပြီး (၆) မယ် မှ (၁၀)မယ်ဖြစ်ပါက ၇၂၀၀ဝိ/- ကျပ်နှင့် (၂၀) မယ် ဖြစ်ပါက ၉၆၀၀ဝိ/- ကျပ်သတ်မှတ်ရယူကြောင်း၊ နေပြည်တော်ဖြစ်စေ ရန်ကုန်ရုံးခွဲဖြစ်စေ သယ်ယူစရိတ်အတွက် (၁)မယ်လျှင် ၅၀၀ဝိ/- ကျပ်နှုန်းစီ သီးခြားသတ်မှတ်ရယူကြောင်း တင်ပြပါသည်။ | - နမူနာကောက်ယူရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့်ဆောင်ရွက်ပါက ဝန်ဆောင်ခ ပြန်လည်သုံးသပ် တွက်ချက်တင်ပြပေးစေလိုကြောင်း ဆွေးနွေးပါသည်။ |
| ၄ | SGS | SGS အနေဖြင့် သွင်းကုန်များထက် ပို့ကုန်များအတွက် ဝန်ဆောင်မှုကို အဓိကဆောင်ရွက်ပေးနေကြောင်းတင်ပြပါသည်။ | - ရှင်းလင်းဆွေးနွေးချက်မရှိပါ။ |
| ၅ | ကုန်သွယ်ရေးဦးစီးဌာန | ကုန်သွယ်ရေးဦးစီးဌာနမှ လိုင်စင်နှင့်ပတ်သက်၍ ပုံမှန်အားဖြင့် လိုင်စင်သက်တမ်း(၃)လ မှ (၆)လ သတ်မှတ်ထားပြီး သွင်းကုန်လိုင်စင်ထောက်ခံချက် သက်တမ်း လက်ကျန်အလိုက် လိုင်စင်ထုတ်ပေးကြောင်း တင်ပြပါသည်။ | - သွင်းကုန်လိုင်စင်ထောက်ခံချက် ပျက်ပြယ်ရန် အကြောင်းပေါ်ပေါက်ပါက ကုန်သွယ်ရေးဦးစီးဌာနသို့ အကြောင်းကြားစာပေးပို့ပါမည်။ |
| ၆ | လုပ်ငန်းရှင်များမှ ဆွေးနွေးချက် | (က) သွင်းကုန်လိုင်စင်ထောက်ခံချက် သက်တမ်းတိုးရာတွင် (၁)လကြိုတင် လျှောက်ထားခြင်းအစား (၃)လသို့ ပြောင်းလဲပေးပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော ကုန်သွယ်လိုင်စင်မှာ သွင်းကုန်လိုင်စင် | - ကြိုတင်လျှောက်ထားရန် (၁)လ မှ (၃)လ ပြောင်းလဲလိုခြင်းအတွက် ပြန်လည် သုံးသပ်စဉ်းစားပါမည်။ |

| | | | |
|---|---|---|---|
| | | ထောက်ခံချက်သက်တမ်းအပေါ် မူတည်၍ လက်ကျန်သက်တမ်းကာလကိုသာ လိုင်စင်ခွင့်ပြုကာလ သတ်မှတ်သဖြင့် ကုန်ပစ္စည်းတင်သွင်းမှုတွင် အခက်အခဲများဖြစ်ပေါ်ကြောင်း၊ | |
| | | (ခ) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ရန်ကုန်ရုံးခွဲတွင်သွင်းကုန်ကျန်းမာရေးထောက်ခံချက် လျှောက်ထားမှုများအတွက် မဲစနစ်ဆောင်ရွက်ရသဖြင့် တခါတရံ ရက်များစောင့်ဆိုင်းရသည်များရှိကြောင်း၊ | - ပြန်လည်စိစစ်သုံးသပ်ဆောင်ရွက်ပါမည်။ |
| | | (ဂ) သွင်းကုန်လိုင်စင်ထောက်ခံချက်၊ သွင်းကုန်ကျန်းမာရေးထောက်ခံချက်များနည်းတူ ပို့ကုန်လိုင်စင်ထောက်ခံချက်၊ ပို့ကုန်ကျန်းမာရေးထောက်ခံချက်များအတွက်လည်း ထုပ်ပိုးပုံကွဲများအတွက် တပေါင်းတည်း လျှောက်ထားခွင့်ပြုစေလိုကြောင်း၊ | - မူလကပင် တပြေးညီကျင့်သုံးမည်ဖြစ်၍ SOP တွင် ဖြည့်စွက်ဖော်ပြပါမည်။ |
| | | (ဃ) OGA Application တင်ရာတွင် Custom Broker အတွက် တကြိမ်လျှောက်ထားမှုအပေါ် ၂၀၀၀၀/ ကျပ် ဝန်ဆောင်ခပေးသွင်းရကြောင်း၊ အခြား External logistic service သုံးစွဲပါက သွင်းကုန်ကျန်းမာရေးထောက်ခံချက် တစ်စောင်အတွက် ၈၀၀၀၀/- ကျပ် ဝန်ဆောင်ခ ပေးသွင်းရကြောင်းများ ဆွေးနွေးပါသည်။ | - စားသောက်ကုန်အမယ်(၁)မျိုးလျှင် OGA နံပါတ်တစ်ခုဖြင့် လျှောက်ထားမည်ဆိုပါက Custom Broker ၏ ဝန်ဆောင်စရိတ်ကို သိရှိရန် လိုအပ်ပါမည်။ |

MACCS ဌာနခွဲနှင့် ထပ်မံညှိနှိုင်းရန် လိုအပ်မည့် အောက်ပါကိစ္စရပ်များရှိပါသည်-

(၁) နမူနာထုတ်ယူခြင်းကိစ္စညှိနှိုင်းရန်၊

(၂) သွင်းကုန်များကို လုပ်ငန်း Ware House တွင် Undertaking ဖြင့် ဆောင်ရွက်နေသည့်ကိစ္စရပ်များအတွက် ညှိနှိုင်းရန်၊

(၃) သွင်းကုန်ကျန်းမာရေးထောက်ခံချက်အတွက် စားသောက်ကုန်(၁)မယ်လျှင် OGA နံပါတ်(၁)ခုနှုန်းဖြင့်လျှောက်ထားခြင်းအတွက် ညှိနှိုင်းရန်၊

(၄) Myanmar Custom Broker အဖွဲ့နှင့်ညှိနှိုင်းရန်၊